ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၅၈ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

( ၂၀၂၅ ခုနှစ်၊ ဧပြီလ ၅ ရက် )

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ်ကြီး မောင်မောင်အေး<br>ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန ( ၄ ) | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဈ) | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဎ) | အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဗ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

ပြန်ကြားရေးဝန်ကြီးဌာန

(ဘ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(မ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ယ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ရ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(လ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဝ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

အလုပ်သမားဝန်ကြီးဌာန

(သ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဟ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

ပညာရေးဝန်ကြီးဌာန

(ဠ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

ကျန်းမာရေးဝန်ကြီးဌာန

(အ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

(ကက) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဂဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဃဃ) ဒုတိယစာရင်းစစ်ချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ငင) အဖွဲ့ဝင် — အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(စစ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဆဆ) အဖွဲ့ဝင် — အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(ဇဇ) အဖွဲ့ဝင် — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဈဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ညည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ရုံး

(ဋဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဌဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဍဍ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအလုပ်အမှုဆောင်အဖွဲ့

(ဎဎ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

(ဏဏ) ဥက္ကဋ္ဌ
မြန်မာနိုင်ငံလျှော်ကော်မတီ — အဖွဲ့ဝင်

(တတ) ဥက္ကဋ္ဌ
မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း — အဖွဲ့ဝင်

(ထထ) အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(ဒဒ) ညွှန်ကြားရေးမှူးချုပ်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး(၁)

(ဓဓ) ညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး(၂)

၂။ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းလျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရဌာနဆိုင်ရာ အဆောက်အဦများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ သီးခြားတာဝန်ပေးအပ်သည့် အဆောက်အဦများအနက် ပြန်လည်ပြုပြင်အသုံးပြုနိုင်သည့် အဆောက်အဦများအား ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေးနှင့် လုံးဝဖျက်သိမ်း၍ အသစ်ပြန်လည်တည်ဆောက်ရမည့် အဆောက်အဦများအား လျှင်ဒဏ်ခံနိုင်သည့် အဆောက်အဦများဖြစ်အောင် တည်ဆောက်နိုင်ရေး တာဝန်ယူကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အထက်ဖော်ပြပါ အဆောက်အဦများနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(DMC)က ဖွဲ့စည်းပေးသည့် ကျွမ်းကျင်သူပညာရှင်များပါဝင်သည့် အဖွဲ့များဖြင့် စစ်ဆေးရရှိသည့် အရောင်ခွဲခြားသတ်မှတ်မှု (အနီရောင်/ အဝါရောင်/ အပြာရောင်) အဆင့်သတ်မှတ်ချက်များအား ရယူ၍ ပြန်လည်ပြုပြင်/အသစ်တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) အထက်ပါ အရောင်ခွဲခြားသတ်မှတ်ချက်အရ အသေးစား/ အလတ်စား/ အကြီးစား ပြင်ဆင်ရမည့် အဆောက်အဦ၊ ပြုပြင်၍မရတော့သဖြင့် ဖယ်ရှားရှင်းလင်းပြီး အသစ်တည်ဆောက်ရမည့် အဆောက်အဦများကို ပြုပြင်တည်ဆောက်သွားမည့် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက

ဆောက်လုပ်ရေးအဖွဲ့များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (Disaster Management Committee-DMC) မှ တစ်ဆင့် အတည်ပြုသတ်မှတ်ခြင်းနှင့် ဆောင်ရွက်မည့်အစီအမံများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်ခြင်း၊

(ဃ) ထိုကဲ့သို့ ပြန်လည်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းဆောင်ရွက်ရာတွင် ငလျင်ဒဏ်အပါအဝင် အခြားကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ ထည့်သွင်းတွက်ချက်၍ ပြုပြင်ခြင်း၊ တည်ဆောက်ခြင်းများ ဆောင်ရွက်ခြင်း၊

(င) ပြန်လည်ပြုပြင်တည်ဆောက်မည့် အဆောက်အဦများ၏ ပရိဝုဏ်အတွင်းရှိ လမ်း၊ တံတား၊ ရေ၊ မီး၊ မိလ္လာ၊ ရေစီးရေလာကောင်းမွန်ရေးနှင့် အခြားအုပ်ချုပ်မှုလိုအပ်ချက်များကိုပါ ထည့်သွင်းတွက်ချက်ဆောင်ရွက်ခြင်း၊

(စ) ပြည်ထောင်စုအဆင့်အဆောက်အဦများ၊ ဝန်ကြီးဌာနများ၏ အဆောက်အဦများကို ဤကော်မတီက တိုက်ရိုက်ကြီးကြပ်ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ နယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဒေသဆိုင်ရာအဆောက်အဦများနှင့်ပတ်သက်၍ သက်ဆိုင်ရာနေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌတို့က တာဝန်ယူကြီးကြပ်ဆောင်ရွက်နိုင်ရေး လိုအပ်သလို ညှိနှိုင်းပေါင်းစပ်စီမံဆောင်ရွက်ပေးခြင်း။

အမိန့်အရ

အောင်လင်းဒွေး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး